**“ဈေးနှုန်းစာရင်းအင်း” ဌာနတွင်းသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ**

ဈေးနှုန်းစာရင်းအင်း ဌာနတွင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ၇-၉-၂၀၂၃ ရက်နေ့ နေ့လယ် (၁:၀၀) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်မှ တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါသင်တန်းကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ရက်သတ္တပတ် (၁) ပတ်လျှင် (၂) ရက်ဖြင့် ကြာသပတေးနေ့နှင့် သောကြာနေ့များတွင် ရုံးအမှတ်(၃၂) ၊ ဗဟိုစာရင်းအင်းအဖွဲ့၏ သင်တန်းခန်းမ၌ ရုံးချုပ်မှ ဝန်ထမ်းများအား လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်မှ ဝန်ထမ်းများအား (Virtual) စနစ်ဖြင့် လည်းကောင်း သင်ကြားပို့ချမည်ဖြစ်ပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

- သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံ၏ ဈေးနှုန်းစာရင်းအင်းဖွံ့ဖြိုးတိုးတက်၍ လက်ရှိကာလအခြေအနေကို ထင်ဟပ်ပေါ်လွင်စေရန်အတွက် တိကျမှန်ကန်သော ဈေးနှုန်းစာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီကောက်ယူစုစည်းတတ်စေရန်၊
- တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးအလိုက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းတွက်ချက်ရာတွင် တွက်ချက်သည့်နည်းစနစ်မှန်ကန်၍ စနစ်တကျ လျင်မြန်စွာဆောင်ရွက်နိုင်စေရန်နှင့်
- အစီရင်ခံစာပြုစုတင်ပြတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

- ဈေးနှုန်းကောက်ယူခြင်းနှင့် သက်ဆိုင်သည့် နည်းလမ်းများ
- စားသုံးသူဈေးဆနှုန်း (CPI) တွက်ချက်ခြင်းနှင့် စပ်လျဉ်းရာတွင် International Standard နှင့်အညီ COICOP စနစ်ဖြင့် Compilation File ၏ အသုံးပြုပုံစနစ်များ အဆင့်ဆင့် စာတွေ့၊ လက်တွေ့ ရှင်းလင်း သင်ပြပေးခြင်း၊
- အစီရင်ခံစာ (Report) ထုတ်ပြန်ရာတွင် သုံးသပ်ချက်ရေးသားခြင်းများကို သင်ကြားပို့ချမည်ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်မှ (၁၆)ဦး နှင့် တိုင်းဒေသကြီး/ ပြည်နယ်မှ (၄၉)ဦးဖြင့် အရာထမ်း၊ အမှုထမ်းစုစုပေါင်း (၆၅)ဦး တက်ရောက်ကြမည်ဖြစ်ပါသည်။